# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး
# ၁၂ ရက်မြောက်နေ့ အစီအစဉ်
# [ ၁ - ၂ - ၂၀၁၃ ]
# ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၂ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ယခု တိုင်းဒေသကြီးနှင့် ယခင်အခေါ် တိုင်းအဆင့်(Status) တူ/မတူ ၊ ယခု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ “ဝ” တိုင်းနှင့် ယခင်အခေါ်တိုင်းများ အဆင့် (Status) တူ/မတူ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် (Status) တူ/မတူ သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ရခိုင်ပြည်နယ်၊ မင်းပြားမြို့အား လူဦးရေတိုးလာခြင်း ၊ မြို့ဧရိယာ ကျယ်ပြန့်လာခြင်းတို့ကြောင့် ရပ်ကွက်(၃)ရပ်ကွက်မှ (၈)ရပ်ကွက်အထိ တိုးချဲ့သတ်မှတ်ပေးရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးညွန့်လှိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ဧရာဝတီတိုင်းဒေသကြီး၊ ကြိမ်ပင်ဆည် - ဓနုဖြူ - ဇလွန် - ဟင်္သာတလမ်းအား မည်သည့်ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဂန့်ဂေါမြို့နယ်၊ ဂန့်ဂေါ/ ရွာစည်/ လာပို့/ မြင်းဇာ/ ကန်/ တောင်ခင်ရန်း/ ရွှေဘို/ မြောက်ခင်ရန်း ယခင် ဂန့်ဂေါ - ကလေး ပ.ဆ.င လမ်းမကြီးဟောင်းနှင့် ဂန့်ဂေါ၊ ပျား၊ ရှောက်ပင်၊ ပန်းထိပ်၊ ခေါက်ချူ၊ မင်းရွာ၊ မောလယ် ကားလမ်းအား ပြန်လည်ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **နေပြည်တော်ဒေသ မြို့နယ်များအတွင်း ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး အောက်တွင် ဖြတ်သန်းဖောက်လုပ်ထားသော မြေအောက်မြောင်း (Box Culvert) များအား ရာသီမရွေးသွားလာနိုင်ရေးအတွက် ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၁၂ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ဝေးလံခေါင်သီပြီး သွားလာရေး ခက်ခဲသည့် မြို့နယ်များမှ ဆေးကျောင်းသားများ ရွေးချယ်ရာတွင် အောက်ခြေ လက်တွေ့ဘဝနှင့် ကိုက်ညီမှုမရှိသည့် (၈)တန်း၊ (၉)တန်း၊ (၁၀)တန်းကို မိမိဒေသမှ အောင်မြင်သူဖြစ်ရန်ဆိုသည့် မူစည်းမျဉ်းကို ပြန်လည်ပြင်ဆင်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **နယ်စပ်နှင့်တောင်တန်းဒေသများတွင် အနာဂတ်ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဗဟိုပြု လူငယ်ပျိုးခင်းသင်တန်းကျောင်း စတင်ဖွင့်လှစ်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၀။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၂ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၃ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။